သတင်းထုတ်ပြန်ချက်

# Myanmar Finance International Limited (MFIL) နှင့် ရိုးမဘဏ်တို့ ဘဏ္ဍာရေးပံ့ပိုးမှု သဘောတူ စာချုပ်လက်မှတ်ရေးထိုး

**မြန်မာကျပ်ငွေ ၈ ဘီလျံ တန်ဖိုးနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၆ မီလျံ တန်ဖိုးရှိ ဘဏ္ဍာရေးပံ့ပိုးမှု သဘောတူစာချုပ်သည် မြန်မာနိုင်ငံတွင် MFIL ၏ အသေးစားချေးငွေလုပ်ငန်း ပံ့ပိုးမှု လုပ်ငန်းများကို ကူညီရန် ဖြစ်သည်။**

**ရန်ကုန်၊ မြန်မာ။ ။ ဧပြီလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ် –** Myanmar Finance International Limited (MFIL) သည် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းရှိ အိမ်ထောင်စုပေါင်း ၅၄,၀၀၀ နီးပါးကို စုစုပေါင်းချေးငွေတန်ဖိုး မြန်မာကျပ်ငွေ ၁၁ ဘီလျံကျော်ဖြင့် ငွေကြေးဝန်ဆောင်မှု ပေးနေသော အသေးစားငွေချေးလုပ်ငန်း အဖွဲ့အစည်း တစ်ခုဖြစ်သည်။ MFIL သည် လက်ရှိတွင် အမြင့်ဆုံး အသေးစားချေးငွေပမာဏ မြန်မာကျပ် ၃ မီလျံအထိ ရုံးခွဲ ၈ ခုမှတစ်ဆင့် အသေးစားလုပ်ငန်းရှင်များကို အဓိကထား ဝန်ဆောင်မှုပေးလျက်ရှိသည်။ MFIL သည် မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ လုပ်ငန်းစတင်လည်ပတ်ခဲ့သည်။ ရိုးမဘဏ်သည် ဝန်ထမ်းပေါင်း ၃,၀၀၀ ကျော်ရှိကာ နိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲပေါင်း ၇၄ ဘဏ်ဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်များထဲ မှ တစ်ခုဖြစ်သည်။

၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေအရ ပြောင်းလဲမှုမှစတင်၍ မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် အသေးစားချေး ငွေလုပ်ငန်းများကို ငွေထုတ်ချေးပေးနိုင်ခဲ့ပြီး ရိုးမဘဏ်သည်လည်း အသေးစားချေးငွေလုပ်ငန်းအဖွဲ့အစည်းများအား ဆန်းသစ်သောဘဏ္ဍာရေးဆိုင်ရာ အဖြေရှာဆောင်ရွက်မှုများ ထောက်ပံ့ပေးခဲ့သည်။ ယခု ဘဏ္ဍာရေးဆိုင်ရာငွေကြေးပံ့ပိုးမှု သဘောတူညီမှု အသစ်နှင့်အတူ MFIL သည် ခန့်မှန်းခြေ ငွေချေးယူသူ ၂၅,၀၀၀ ကို ထပ်မံငွေချေးပေးနိုင်မည်ဟု မျှော်မှန်းထားသည်။ ထို့ပြင် ယခုဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုကို MFIL ၏ အစုရှယ်ယာဝင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နော်ဝေအစိုးရ၏ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (The Norwegian Investment Fund for Developing Country-Norfund) ထောက်ပံ့မှုမှတစ်ဆင့် ကူညီပေးနိုင်အောင် လုပ်ဆောင်ပေးသော Back-to-Back Loan အဖြစ် ဖန်တီးလုပ်ဆောင်ထားသည်။ Norfund နှင့်အတူ Triple Jump B.V. and Developing World Markets LLC (DWM) အဖွဲ့အစည်းတို့သည် ယခုဘဏ္ဍာရေးပံ့ပိုးမှုအတွက် လိုအပ်သော အာမခံကို ပူးတွဲထောက်ပံ့ပေးသည်။

"ရိုးမဘဏ်က မြန်မာနိုင်ငံမှာရှိတဲ့ MFI ရဲ့ အခြေခံလူမှုအသိုင်းအဝန်းတွေအတွက် ငွေကြေးပံ့ပိုးမှုတွေရရှိအောင် အားပေးကူညီရတာ ကျေနပ်ဝမ်းသာမိပါတယ်။ အထူးသဖြင့် ရိုးမဘဏ်အနေနဲ့ Hedging Foreign Exchange Risk လျှော့ချပေးပြီး နောက်ဆက်တွဲ ငွေကြေးပိုင်းအရ MFI ကို ပံ့ပိုးကူညီပေးတာတွေဟာ ဒေသခံလူမှုအသိုင်းအဝိုင်းအတွက် MFI ရဲ့အကျိုးပြုမှုတွေကို ပိုပြီးတိုးလာစေပါတယ်။ MFIL လို အသေးစားငွေကြေးလုပ်ငန်းကို ပိုမိုလုပ်ဆောင်နိုင်အောင် ပံ့ပိုးပေးခြင်းဖြင့် ရိုးမဘဏ်ဟာ အသေးစားစွန့်ဦးလုပ်ငန်းရှင်တွေကို ပုံမှန်လည်ပတ်နေတဲ့ ငွေကြေးစနစ်ကို အသုံးပြုနိုင်ဖို့ ထောက်ပံ့ပေးခြင်းဟာလည်း ထပ်တူအရေးကြီးပါတယ်" ဟု ရိုးမဘဏ်၏ Special Advisor to Chairman & CEO ဖြစ်သူ Mr. Hal Bosher က ပြောသည်။

မြန်မာနိုင်ငံတွင် တရားမဝင် ငွေချေးလုပ်ငန်း လုပ်ကိုင်သူများမှတစ်ဆင့် ငွေကြေးဝန်ဆောင်မှုများရယူမှုများစွာ ရှိသည်။ အသေးစားငွေချေးလုပ်ငန်းအဖွဲ့အစည်းများသို့ ရိုးမဘဏ်၏ ပံ့ပိုးပေးမှုသည် အသေးစားလုပ်ငန်းရှင် တစ်သောင်းကျော်နှင့် တောင်သူလယ်သမားများ ပါဝင်သော Client အသစ်များအား ငွေကြေးဝန်ဆောင်မှုများ ပေးအပ်နိုင်မည် ဖြစ်သည်။ " အားလုံးပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်ဟာ ပိုပြီးပွင့်လင်းမြင်သာမှု ရှိတဲ့အပြင် ပိုကောင်းတဲ့ ဝန်ဆောင်မှုနဲ့ ပိုပြီးသက်သာတဲ့ ချေးငွေတွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်" ဟု အသက်မွေး ဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေ (The Livelihood and Food Security Trust Fund) အဖွဲ့က ကူညီထောက်ပံ့ပေးသော ရိုးမဘဏ်နှင့်အတူ ပူးတွဲ အကောင်အထည်ဖော်သည့် Agribusiness Finance Program ၏ Credit Risk Consultant ဖြစ်သူ Teun van Vlerken ကပြောသည်။

"အသေးစားစီးပွားရေးလုပ်ငန်းတွေ၊ ငွေကြေးဝန်ဆောင်မှုမရရှိသေးတဲ့ နေရာတွေမှာ ငွေကြေးဝန်ဆောင်မှုနဲ့ ရင်းနှီးငွေတွေ ထောက်ပံ့ပေးနိုင်အောင် သူတို့ရဲ့ လုပ်ဆောင်နိုင်စွမ်းကို ပိုမိုမြင့်မားလာစေဖို့အတွက် Norfund က ဘဏ္ဍာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး ရင်းနှီးမြှုပ်နှံထားပါတယ်။ Norfund က DWM ၊ Triple Jump ၊ရိုးမဘဏ် နှင့် MFIL တို့နဲ့အတူ ပူးပေါင်းလုပ်ဆောင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ Norfund ရဲ့ ဒီလိုရင်းနှီးမြှုပ်နှံ လုပ်ဆောင်မှုဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နဲ့ ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို ကူညီပေးနိုင်မှာ ဖြစ်ပါတယ်" ဟု Norfund ၏ Head of Asia ဖြစ်သူ Fay Chetnakarnkul ကပြောသည်။

" ဒီလိုဝန်ဆောင်မှုတွေကို ဖြစ်ပေါ်လာနိုင်အောင် အခြားသောနိုင်ငံတကာကငွေချေးသူတွေကို အတူတကွ Norfund က ယူဆောင်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ Norfund က အခြားငွေချေးသူတွေနဲ့အတူ ပူးပေါင်းပါဝင်ခြင်းဟာ MFIL ရဲ့ လူမှုဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုနဲ့ စီးပွားရေးရေရှည်တည်တံ့မှု နှစ်ခုစလုံးကို အာရုံစိုက်နိုင်အောင် လုပ်ဆောင်ပေးခြင်းလည်းဖြစ်ပါတယ်။ ဒါ့အပြင် MFIL ရဲ့ လုပ်ငန်းတွေ ဆက်လက်တိုးတက်စေဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်အောင် ရိုးမဘဏ်နဲ့အတူ လက်တွဲလုပ်ရတဲ့ အခွင့်အရေးတွေအတွက် စိတ်လှုပ်ရှားမိပါတယ်။ ဒီပံ့ပိုးမှုဟာ MFIL ကို လက်ရှိအနေအထားကနေ ချေးငွေထုတ်ချေးမှု လုပ်ဆောင်ချက်တွေကို နှစ်ဆ ဖြစ်သွားစေမှာ ဖြစ်တဲ့အတွက် လုံးဝအပြောင်းအလဲဖြစ်စေမှာပါ" ဟု MFIL ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ Mr. Po Yort ကပြောသည်။

XXX

**ရိုးမဘဏ်အကြောင်း**

၁၉၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် ရိုးမဘဏ်သည် မြန်မာနိုင်ငံတွင် အတိုးတက်ဆုံးသော ပြည်တွင်း ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည်။ နှစ်အနည်းငယ်ကြာပြီးနောက်မှာပင် ရိုးမဘဏ်သည် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ ကော်ပိုရိတ်အုပ်ချုပ်ရေး စသည့် အဓိကကျသည့်အခန်းကဏ္ဍများတွင် မဟာဗျူဟာကျသော ရင်းနှီးမြှုပ်နှံမှုများကို သိသာစွာ လုပ်ကိုင်ခဲ့သည်။

လက်ရှိတွင် ရိုးမဘဏ်သည် တန်ဖိုးအားဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်များစာရင်းတွင် နံပါတ် (၄) နေရာ၌ ရပ်တည်နေပြီး ဝန်ထမ်းပေါင်း ၃,၀၀၀ ကျော်ရှိကာ နိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲပေါင်း ၇၄ ဘဏ်ကို ဖွင့်လှစ်ထားသည်။ ၂၀၁၄ ခုနှစ်တွင် ရိုးမဘဏ်သည် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းဖြစ်သော International Finance Corporation (IFC) မှ ပထမဆုံး တိုက်ရိုက်ရင်းနှီးမြှုပ်နှံသော ဘဏ်တစ်ခု ဖြစ်လာပြီး Credit Risk Management ၊ Finance ၊ Treasury ၊ Product Development တို့ကို အဆင့်မြှင့်တင်ရန်၊ New Core Banking System ကို အသုံးပြုနိုင်ရန် IFC ၏ သုံးနှစ်တာကာလအတွက် အကြံပေးမှုများ ပြုလုပ်သည့်အကူအညီကို ရရှိခဲ့သည်။ ထို့ပြင် ဂျာမနီနိုင်ငံ ဖွံ့ဖြိုးရေးအေဂျင်စီတစ်ခုဖြစ်သော GIZ မှလည်း နည်းပညာ အထောက်အကူများ ရရှိခဲ့ပြီး အသေးစားအလတ်စားလုပ်ငန်းများသို့ ချေးငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ တိုးတက်မှုများ ရရှိခဲ့ကာ လုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဆက်သွယ်ရေးကုမ္ပဏီ တယ်လီနောနှင့်

ပူးပေါင်း၍ မြန်မာနိုင်ငံ တစ်ဝန်းသို့ ဒစ်ဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် Wave Money ကို ပူးတွဲ တည်ထောင်ခဲ့သည်။ ရိုးမဘဏ်သည် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် LIFT နှင့် လက်တွဲ၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးတွင် အဓိကကျသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် လယ်ယာစီးပွားကဏ္ဍအတွက်လည်း တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ယင်းလယ်ယာစီးပွားကဏ္ဍအတွက် နယ်သာလန်နိုင်ငံမှ RaboBank ကလည်း နည်းပညာအထောက်အပံ့များ ကူညီလျက်ရှိသည်။ ရိုးမဘဏ်သည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**Myanmar Finance International Limited (MFIL) အကြောင်း**

MFIL သည် မြန်မာနိုင်ငံတွင် အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ဥပဒေ စတင်ချမှတ်ခဲ့သည့် ၂၀၁၂ ခုနှစ်က လုပ်ငန်းစတင်လည်ပတ်ခဲ့သည်။ နော်ဝေ နှင့် ဖင်လန်နိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အထင်ကရ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးထက်ညီဦးဆောင်သည့် မြန်မာ့နိုင်ငံသားများအဖွဲ့က MFIL ကို စတင်တည်ထောင်ခဲ့သည်။ လက်ရှိတွင် MFIL ကို လန်ဒန်စတော့အိတ်ချိန်းစာရင်းဝင် မြန်မာနိုင်ငံအခြေစိုက် ရင်းနှီးမြုပ်နှံမှုကုမ္ပဏီ တစ်ခုဖြစ်သော Myanmar Investment International Limited ၏ တည်ထောင်သူများ နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နော်ဝေအစိုးရ၏ ရင်းနှီးမြုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Norfund) က ပူးတွဲ ပိုင်ဆိုင်သည်။

အသေးစိတ်သိရှိလိုပါက

ရိုးမဘဏ်
မေဦး
Head of Communication and Marketing, Yoma Bank.
မိုဘိုင်းလ်ဖုန်း +၉၅ ၉ ၇၇၁၀၀၀၀၇၁၊ +၉၅ ၉ ၉၆၇၀၀၀၀၇၁
အီးမေးလ် mayoo@yomabank.com

**MFIL**
Po Yort
Managing Director
မိုဘိုင်းလ်ဖုန်း +၉၅ ၉ ၉၇၄၈၉၅၀၁၅
အီးမေးလ် poyort@mfil.net

ဝေမာမြင့်မောင်
Finance Director
မိုဘိုင်းလ်ဖုန်း +၉၅ ၉ ၂၆၃၉၀ ၃၉၃၉ / +၉၅ ၉ ၇၈၆၇၈၀၆၅၄
အီးမေးလ် waimar@mfil.net

**Photo-1**



*သဘောတူလက်မှတ်ရေးထိုးပွဲတွင် အဖွဲ့လိုက် အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်*

*Ma Thihan Maw (MFIL), Mr.Chee Chung Tham,(Investment Director, MFIL), U Htet Nyi (Chairman, MFIL), Daw Aye Aye Soe (Executive Director, Yoma Bank), Mr. Hal Bosher (CEO, Yoma Bank), Ma Thiri Thet Yi Mon (Senior Associate, Yoma Bank),Rick Duinker (Reporting Manager, Yoma Bank), Madison Bone (Senior Legal Counsel, Yoma Bank) (Back, from left to Right)Mr. Po Yort (Managing Director, MFIL) and Teun van Vlerken ( Credit Risk Consultant,*

**Photo-2**




*Mr. Po Yort (Managing Director, Myanmar Finance International Limited (MFIL) နှင့် Teun van Vlerken (Credit Risk Consultant, Yoma Bank ) တို့ သဘောတူ စာချုပ် လက်မှတ်ရေးထိုးစဉ်။*